**Factsheet အမှတ် ၉ - နှစ်ကြိမ်တရားစွဲဆိုမှုနှင့် နှစ်ကြိမ်အပြစ်ပေးမှုကို တားမြစ်ခြင်း (အပိုဒ် ၁၄၊ အပိုဒ်ခွဲ ၇)**

ICCPR အပိုဒ် ၁၄ (၇) သည် နိုင်ငံတခုစီတိုင်း၏ ဥပဒေနှင့် ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ မည်သူမဆို **အပြစ်ဒဏ် ချမှတ်ပြီးသား သို့မဟုတ် တရားသေလွှတ်ပြီးသား** ပြစ်မှုတခုအတွက် နောက်ထပ် **ကြားနာစစ်ဆေးခြင်း သို့မဟုတ် အပြစ်ပေးခြင်းကို** တားမြစ်သည်။ "***ne bis in idem***" ဟုခေါ်သော အဆိုပါ အခြေခံမူအရ မည်သူမဆို ပြစ်မှုတခုတည်းအတွက် တရားရုံးတခုတည်းတွင် ဖြစ်စေ နောက်ထပ်ခုံရုံးတခုတွင်ဖြစ်စေ ထပ်မံ စစ်ဆေးကြားနာခွင့် မရှိပေ။ ဥပမာ

- အရပ်ဘက်တရားရုံးက တရားသေလွှတ်လိုက်သူတဦးကို စစ်ဘက် သို့မဟုတ် အထူးခုံရုံးတခုတွင် တူညီသော ပြစ်မှုဖြင့် ကြားနာစစ်ဆေး၍ မရနိုင်ခြင်း၊[93] နှင့်
- ယုံကြည်မှုအသိစိတ်အရ တာဝန်တရပ်ကိုထမ်းဆောင်ရန် ဆန့်ကျင်ထားသူသည် စစ်မှုထမ်းရမည့် နောက်ထပ်အမိန့်သစ်တရပ်ကို ပထမငြင်းဆိုခဲ့သည့် အကြောင်းရင်းဖြစ်သည့် ယုံကြည်မှုအသိစိတ်အတိုင်း ထပ်မံငြင်းဆန်ခဲ့ပါက ယင်းအမိန့်သစ်ကို မလိုက်နာမှုဖြင့် ထပ်တလဲလဲ အပြစ်ပေးမခံစေရခြင်း။[94]

သို့သော် ဤတားမြစ်မှုသည် အောက်ပါ သာဓကများအပေါ် မသက်ရောက်ပါ

- မျက်ကွယ်တရားစီရင်ရာတွင် အပြစ်ရှိကြောင်းစီရင်ချက်ချခံထားရသူတဦးက ပြန်လည် စစ်ဆေးကြားနာပေးရန် တောင်းဆိုသည့်အခါ၊
- အပြစ်ရှိကြောင်းစီရင်ချက်ထားသည့် အထက်တန်းတရားရုံးတရုံးက ပြန်လည် စစ်ဆေးကြားနာပေးရန် အမိန့်ပေးသောအခါ၊
- ယခင်က တရားသေလွှတ်ပေးလိုက်ချိန်တွင် မရရှိခဲ့သော သို့မဟုတ် မသိနိုင်သော အထောက်အထားများကို ရှာဖွေတွေ့ရှိခြင်းကဲ့သို့ ခြွင်းချက်အခြေအနေများ၏ ကျိုးကြောင်းခိုင်မာမှုကြောင့် ရာဇဝတ်မှုကို ပြန်လည် စစ်ဆေးကြားနာရသောအခါ၊
- ရာဇဝတ်ပြစ်မှုတခုအတွက် အရေးယူပိတ်ဆို့မှု မမြောက်သော စည်းမျဉ်းစည်းကမ်းဆိုင်ရာ အစီအမံများ၊ သို့မဟုတ်
- နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော နိုင်ငံများ၏ အမျိုးသားတရားစီရင်ပိုင်ခွင့်များ။[95]

*<u>လက်တွေ့အခြေအနေ။ ။လူ့အခွင့်အရေးကော်မတီ၏ တွေ့ရှိချက်များ</u>*

- *ယုံကြည်မှုအသိစိတ်အရ စစ်မှုထမ်းရန် ငြင်းဆန်သည့်အခါ နှစ်ကြိမ်စစ်ဆေး၊ ပြစ်ဒဏ်ချခြင်း - တာ့ခ်မင်နစ္စတန်*[96]

  ဤအမှုဖြစ်စဉ်တွင် ဆက်သွယ်ဖြေကြားသူသည် မထမ်းမနေရ စစ်မှုထမ်းစနစ်ကို ၎င်း၏ ယုံကြည်မှုအသိစိတ်အရ ဖီဆန်ပြီး စစ်မှုထမ်းရန်ငြင်းဆန်ခဲ့သောကြောင့် တာ့ခ်မင်နစ္စတန်ပြစ်မှုဆိုင်ရာဥပဒေ

[93] Human Rights Committee, General Comment No.32 (CCPR/C/GC/32), §54
[94] Human Rights Committee, General Comment No.32 (CCPR/C/GC/32), §55
[95] Human Rights Committee, General Comment No.32 (CCPR/C/GC/32), §54, §56-57
[96] Human Rights Committee, Communication No. 2225/2012, *Akmurad Nurjanov v. Turkmenistan* (CCPR/C/117/D/2225/2012)

ပါ ပြဋ္ဌာန်းချက်တခုတည်းဖြင့် နှစ်ကြိမ် တရားရင်ဆိုင်ပြီး အပြစ်ဒဏ်ချခဲ့ရသည့်အတွက် ကော်မတီက ICCPR အပိုဒ် ၁၄(၇) ချိုးဖောက်မှုအဖြစ် ရှုမြင်သုံးသပ်သည်။

- *ယုံကြည်မှုအသိစိတ်အရ စစ်မှုထမ်းရန် ငြင်းဆန်သည့်အခါ နှစ်ကြိမ်စစ်ဆေး၊ ပြစ်ဒဏ်ချခြင်း - တာ့ခ်မင်နစ္စတန်*[97]

  ဤအမှုဖြစ်စဥ်တွင် ဆက်သွယ်ဖြေကြားသူသည် ရာဇဝတ်မှုတခုဖြင့် အပြစ်ဒဏ်ခံပြီးချိန်တွင် ယင်းအမှုဖြင့် ပြည်နှင်ဒဏ်ပေးနိုင်သည့် အမှုနှင့် ရင်ဆိုင်နေရပြီး၊ မူးယစ်ဆေးဝါးပြစ်မှုဖြင့် ပြစ်မှု ထင်ရှားကြောင်းနှင့် အပြစ်ဒဏ်ချမှတ်ပြီးနောက် ပြည်နှင်ဒဏ်အမိန့်ကိုပါ ချမှတ်ခဲ့သည်အတွက် ICCPR အပိုဒ် ၁၄(၇)ပါ ၎င်း၏ရပိုင်ခွင့်များ ချိုးဖောက်ခံရကြောင်း ပြောကြားသည်။ ဤအမှုဖြစ်စဥ်တွင် ကော်မတီသည် ပြည်နှင်ဒဏ်ကို အုပ်ချုပ်ရေးဆိုင်ရာသဘာဝအရ အစီအမံတခုဖြစ်သောကြောင့် ဖြေကြားသူ ကျူးလွန်ခဲ့သော ပြစ်မှုအတွက် ထပ်တိုးချမှတ်သော အပြစ်ဒဏ်ဟု မယူဆနိုင်ဟု ရှုမြင်ပြီး ICCPR အပိုဒ် ၁၄(၇) ကို ချိုးဖောက်ခြင်းမရှိဟု ရှုမြင်သုံးသပ်သည်။

[97] Human Rights Committee, Communication No. 2631/2015, *J.G. v. New Zealand* (CCPR/C/115/D/2631/2015)